# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

September 23, 2024 Volume 82, Number 15


၂၃.၉.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၃၂၉.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၆၂၃.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၇၈၅.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၂၈.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၇.၅၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၃၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၆.၇၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၉၉.၀၅ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၃.၆၁၇ ကျပ် |

Source: CBM Rate, etrademyanmar.com


CONTACT US

ကုန်သွယ်မှုသတင်းအချက်အလက်နှင့် သုတသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm


## ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူးများ အရောင်းအဝယ်ကောင်းနေ



ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်ဘက်မှ ဝင်ရောက်လာသည့် အာလူးများအရောင်းအဝယ်ကောင်းနေကြောင်း မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ကပြောသည်။ ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်သို့ ရှမ်းပြည်နယ်ဘက်မှထွက်ရှိသည့် အာလူးများ ပုံမှန်ဝင်ရောက်လျက်ရှိကြောင်း၊ အဆိုပါအာလူးများ ဩဂုတ်လပထမပတ်မှစတင်ပြီး အရောင်းအဝယ်ကောင်းလာပြီး လက်ရှိအာလူးပိဿာချိန် ၁၀၀ လျှင် ကျပ် ၅၅၀,၀၀၀ ထိ ပေါက်ဈေးရှိနေကြောင်း သိရသည်။

"ရှမ်းပြည်နယ်ဘက်ကနေ မအူပင်မြို့နယ်ဘက်ကို အာလူးတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ဒါပေမဲ့ ဒီနှစ် အာလူးတွေအထွက်နည်းနေပါတယ်။ ဒါကြောင့်လဲ အာလူးက လက်ရှိ အရောင်းအဝယ်ကောင်းနေပါတယ်။ လက်ရှိအာလူးပိဿာချိန် ၁၀၀ အထက်မှာ အရောင်းအဝယ်ဖြစ်နေပါတယ်။ ဝင်ရောက်လာတဲ့ အာလူးတွေက လတ်ဆက်ပြီး အရည်အသွေးကောင်းပါတယ်" ဟု မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်က ပြောပြသည်။မအူပင်မြို့နယ်တွင်ယခုလက်ရှိ အာလူးပိဿာချိန် ၁၀၀ ထိနေ့စဉ်အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အာလူးများ အရောင်းအဝယ်ကောင်းနေခြင်းကြောင့် အာလူးစိုက်ပျိုးသူများ၊ကုန်တင်ကုန်ချလုပ်သား များ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနေကြောင်း

သိရသည်။

**Source:** ရတနာပုံသတင်းစာ

## (၂၁) ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲ တက်ရောက်ရန် ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ တရုတ်နိုင်ငံသို့ ထွက်ခွာ

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ ဦးဆောင် သည့် မြန်မာကိုယ်စားလှယ် အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ နန်နင်းမြို့ ၌ စက်တင်ဘာလ ၂၄ ရက်မှ ၂၈ ရက်အထိ ကျင်းပမည့် ၂၁ကြိမ်မြောက်တရုတ်-အာဆီယံကုန်စည်ပြပွဲသို့ တက်ရောက်ရန် **စက်တင်ဘာ ၂၁** ယနေ့နံနက်ပိုင်းတွင် China Southern Airlines လေကြောင်းလိုင်းဖြင့် ရန်ကုန်မြို့မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် တရုတ်နိုင်ငံသံရုံးမှ စီးပွားရေးသံမှူး Mr. OU YANG daobing တို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်တူ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ သီလဝါအထူးစီးပွားရေးဇုန်ဥက္ကဋ္ဌဦးရန်နိုင်ထွန်း၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ် ဒေါက်တာထိန်လင်း၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)မှ ယဉ်ကျေးမှုအဖွဲ့နှင့် ပြခန်းပြသမည့် တာဝန်ခံလုပ်ငန်းရှင်များ လိုက်ပါသွား ကြသည်။

အဆိုပါ ကုန်စည်ပြပွဲအား ချစ်ကြည်ရင်းနှီးမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့်ကုန်သွယ်မှုအကျိုးကျေးဇူးရရှိရန်၊တရုတ်-အာဆီယံ လွတ်လပ်သော ကုန်သွယ်မှုဒေသ ၃ ဒသမ သုည ဖွံ့ဖြိုးတိုးတက်ရေး မြှင့်တင်ရန်နှင့် တရုတ်-အာဆီယံဒေသတွင်း အရည်အသွေးမြင့် ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ပြီး မြန်မာနိုင်ငံအနေဖြင့် ၂၁ ကြိမ်မြောက် တရုတ်-အာဆီယံ ကုန်စည်ပြပွဲတွင် ဆန်စပါးကဏ္ဍ၊အာရေဗီကာကော်ဖီ (Arabica Coffee) ကဏ္ဍ၊ရေထွက်လုပ်ငန်းကဏ္ဍ၊သစ်သီးဝလံကဏ္ဍ၊ လက်ဖက်ကဏ္ဍ၊ ဟင်းခတ်အမွှေးအကြိုင်ကဏ္ဍ၊ သစ်သားထည်ကဏ္ဍ၊ လက်မှုအနုပညာကဏ္ဍနှင့် ကျောက်မျက် ကဏ္ဍ တို့ အတွက် ပြခန်းပေါင်း ၈၄ ခန်း ခင်းကျင်းပြသသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**Source:** https://myawady.net.mm/

## ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် က ပြောပြ၍ သိရသည်။ ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၅၀,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လအတွင်း ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ ၇၅,၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် ပဲတီစိမ်းများကို ရေကြည်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များက ဝယ်ယူပြီး ရန်ကုန် ဈေးကွက်ကို တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။ “ရေကြည်မြို့နယ်ကနေ ရန်ကုန်မြို့ကို ဩဂုတ်လထဲမှာ ပဲတီစိမ်း ၁၆ ပြည်ဝင် အိတ်ရေ အများအပြားတင်ပို့ရောင်းချခဲ့ရပါတယ်။ စက်တင်ဘာလထဲမှာလဲ ဒေသထွက် ပဲတီစိမ်းတွေအပါအဝင် ပဲမျိုးစုံကို ရန်ကုန်ဘက်ကအဝယ်လိုက်နေပါတယ်။ ဒေသထွက်ပဲတွေကို ပွဲရုံပိုင်ရှင်တွေက ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာ များပါ တယ်။ ပဲတီစိမ်းတွေ ဝယ်ယူအားကောင်းလာတာကြောင့် အလုပ်အကိုင်အခွင့်အလမ်းတွေ ကောင်းလာပါတယ်” ဟု ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်က ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပဲတီစိမ်း ၁၆ ပြည်ဝင် တစ်အိတ်လျှင် ကျပ် ၁၁၀,၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ပဲတီစိမ်းများ ဈေးကောင်းရရှိခြင်းနှင့် ဝယ်လိုအား ကောင်းလာခြင်းတို့ကြောင့် တောင်သူများ လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ကားအငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## မိုးနှမ်းများ အထွက်နှုန်းနည်း၊ အရည်အသွေးလျော့ကျမှုများကြောင့် ဈေးအနည်းငယ်ကျဆင်းလာ

မိုးရာသီစိုက် မိုးနှမ်းများ ထွက်ရှိလာချိန် မိုးရွာသွန်းမှုများကြောင့် အထွက်နှုန်းနည်း၊ အရည်အသွေး လျော့ကျမှုများကြောင့် ဈေးကွက်အတွင်း မိုးနှမ်းဈေးများ အနည်းငယ်ကျဆင်းလာကြောင်း နှမ်းကုန်သည်များထံက သိရသည်။

ဇွန်လဆန်းပိုင်းက စတင်စိုက်ပျိုးသည့် မိုးနှမ်းအများစုမှာ ရိတ်သိမ်းကာနီး မိုးရွာသွန်းမှုများကြောင့် အထွက်နှုန်းကျဆင်းခဲ့ကြောင်း၊ မိုးနှမ်းရိတ်သိမ်းမှုအပြီး ကောင်းမွန်စွာ နေလှန်းချိန် ကောင်းကောင်းမရရှိသည့် နှမ်းစိုက်ဒေသအချို့မှ မိုးနှမ်းများ အက်စစ်လွတ်မှု နည်းပါးသောကြောင့် မိုးနှမ်းဈေးများ အနည်း ငယ်ကျဆင်းခြင်းဖြစ်ကြောင်း၊ ဒေသအစုံမှ မိုးနှမ်းများ ဝင်ရောက်မှုများကြောင့်လည်း နှမ်းမျိုးစုံဈေးကွက် အနည်းငယ်ကျဆင်းလာခြင်းဖြစ်ကြောင်း နှမ်းကုန်သည်တစ်ဦးက ပြောသည်။

"ဒီနှစ် နှမ်းပေါ်ကာနီး မိုးမိတာတွေရှိတော့ အထွက်နှုန်းလည်းကျ အရည်အသွေးလည်းလျော့တော့ နှမ်းဈေး ကျဆင်း လာတာပါ။ အစောပိုင်း ရိတ်သိမ်းနိုင်တဲ့ တောင်သူတွေကတော့ ဈေးကောင်း မီလိုက်ကြပါတယ်။ နောက်ပိုင်းရိတ်သိမ်းတဲ့ တောင်သူတွေက မိုးမလွတ်တော့ ဈေးကောင်းမရကြတာပါ "ဟု ၎င်းကပြောသည်။

မိုးနှမ်း စပေါ်ထွက်ရှိချိန် ဩဂုတ်လအတွင်းနှမ်းမျိုးစုံဈေးကောင်းရရှိရာနှမ်းနက်(စမုံ)တစ်တင်းလျှင်ကျပ် ၂၁၀,၀၀၀ ကျော်၊ နှမ်းဖြူ တစ်တင်းလျှင် ကျပ် ၁၆၀၀၀၀ ကျော် ပေါက်ဈေးရှိသော်လည်း စက်တင်ဘာလဆန်းပိုင်း ဈေးအနည်းငယ် ကျဆင်းသွားသည်။

စက်တင်ဘာ ၂၀ ရက်တွင် မန္တလေးဈေးကွက်၌ နှမ်း(စမုံ) အက်စစ်မလွတ် ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၅၄၀,၀၀၀-၅၈၀,၀၀၀၊ အက်စစ်လွတ် ၄၅ ပိဿာ တစ်အိတ်လျှင် ကျပ် ၆၁၀၀၀၀-၆၃၀၀၀၀၊ နှမ်းညို ၄၅ ပိဿာတစ်အိတ်လျှင် ကျပ် ၃၃၀,၀၀၀ ပေါက်ဈေးရှိသည်။

ယခုနှစ် နွေရာသီစိုက်ပျိုးချိန်တွင် နွေနှမ်းသီးနှံအတွက် အဆင်ပြေသော်လည်း မိုးရာသီစိုက် မိုးနှမ်းရာသီတွင် ရိတ်သိမ်းချိန် မိုးရွာသွန်းမှုကောင်းခဲ့ခြင်းကြောင့် အထွက်နှုန်းနှင့်အရည်အသွေးပိုင်း ကျဆင်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Source: မကွေးဂျာနယ်**

## ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း သွေးခုံးပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဩဂုတ်လအတွင်း သွေးခုံး ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ် ရေး ပွဲရုံပိုင်ရှင်က ပြောပြသည်။ ဘိုကလေးမြို့နယ်မှ ဒေသထွက်ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက် သို့ တင်ပို့ရောင်းချလျက်ရှိပြီး ဇူလိုင်လက သွေးခုံးပိဿာချိန် ၅၄၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဩဂုတ်လ ၁ ရက်မှ ၃၁ ရက်ထိ သွေးခုံးပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ တင်ပို့ရောင်းချခဲ့သည့် သွေးခုံး ၁၀ ပိဿာလျှင် ကျပ် ၁၁၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ဩဂုတ်လအတွင်း သွေးခုံးတွေ ရန်ကုန်ဈေးကွက်ကို တင်ပို့အားကောင်းခဲ့ပါတယ်။ဒေသထွက် ရေထွက်ကုန် တွေကို ရန်ကုန်ဘက်ကိုပဲ တင်ပို့ရောင်းချခဲ့တာပါ။ ပြည်တွင်းမှာကို သွေးခုံးအမျိုးအစားတွေက ဝယ်ယူမှုများ ပြားနေပါတယ်။ ဇူလိုင်လအတွင်းက သွေးခုံးပိဿာချိန် ၅၄,၀၀၀ ထိပဲ တင်ပို့ရောင်းချခဲ့ရပါတယ်။ ဩဂုတ်လမှာတော့ ပိဿာချိန် ၇၅,၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့တာပါ။ လက်ရှိ စက်တင်ဘာလထဲမှာလည်း သွေးခုံးတွေအပါအဝင် ဒေသထွက်ရေထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများပြားနေပါတယ်" ဟု ဘိုကလေး မြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ကပြောပြသည်။ဘိုကလေးမြို့နယ်မှရန်ကုန်ဈေးကွက်သို့ ရေထွက်ကုန်သွေးခုံးများ တင်ပို့ရောင်းချနိုင်သည့် အတွက် ရေလုပ်သားများ၊ ကုန်တင်ကုန်ချ လုပ်သားများ၊ အရောင်းအဝယ်ပြုလုပ်သူများ အဆင်ပြေလျက်ရှိကြောင်း၊ အဆိုပါဒေသမှ ရန်ကုန် ဈေးကွက်သို့ သွေးခုံးများအပါအဝင် အခြားရေထွက်ကုန်နှင့် လယ်ယာထွက်ကုန်များလည်း တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## တန်ဖိုးမြင့်ခွန် (Value-added Tax-VAT) လျှော့ချရေးအတွက် သက်တမ်းတိုးမြှင့်ခြင်းကို ထိုင်းနိုင်ငံ အစိုးရအဖွဲ့က ခွင့်ပြုခဲ့

နေထိုင်မှုကုန်ကျစရိတ် သက်ရောက်မှုကို လျှော့ချရန်နှင့်ဝယ်ယူသူများ သုံးစွဲမှုမြှင့်တင်ရန် ရည်ရွယ်၍ တန်ဖိုးမြင့်ခွန် (Value-added Tax-VAT) လျှော့ချမှုကို ၁ နှစ် သက်တမ်းတိုးမြှင့်ရေးနှင့် စပ်လျဉ်း၍ ထိုင်းနိုင်ငံ အစိုးရအဖွဲ့က ခွင့်ပြုခဲ့ကြောင်း သိရသည်။

VAT နှုန်း ၆ ဒသမ ၃ ရာခိုင်နှုန်း (ဒေသတွင်းအခွန်မပါ) သို့မဟုတ် ၇ ရာခိုင်နှုန်း (ဒေသတွင်းအခွန်ပါ) လျှော့ချခြင်းကို ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၃၀ ရက်အထိ ၁ နှစ် သက်တမ်းတိုးမြှင့်ခဲ့ပါကြောင်း၊ သက်တမ်းတိုးမြှင့်ရခြင်းမှာ နေထိုင်မှုကုန်ကျစရိတ် သက်ရောက်မှုကို လျှော့ချရန်၊ စားသုံးသူများ၏ သုံးစွဲမှုကို လှုံ့ဆော်ရန်နှင့် ထိုင်းစီးပွားရေးတွင် စီးပွားရေးလုပ်ငန်းများ၏ ယုံကြည်မှုတိုးမြှင့်ရန် ရည်ရွယ်ပါကြောင်း ဝန်ကြီးချုပ်အကြံပေးJirayu Houngsub က ပြောကြားခဲ့သည်။

VAT ၇ ရာခိုင်နှုန်း လျှော့ချခြင်းကို သက်တမ်းတိုးခြင်းသည် အစိုးရ၏ ဝင်ငွေကို ထိခိုက်မှုမရှိသဖြင့် ၂၀၂၅ ဘဏ္ဍာနှစ်အတွက် အစိုးရ၏ လျာထားဝင်ငွေကိုလည်း မထိခိုက်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဌာန၏ လေ့လာချက်အရ သိရသည်။

**Source:** **www.bangkokpost.com**

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## လာမည့်နှစ်တွင် ထိုင်းနိုင်ငံ၏ ဆန်ပို့ကုန် ခန့်မှန်းထားချက်ဖြစ်သည့် တန်ချိန် ၈ သန်းကို လွဲချော်နိုင်

ဘတ်ငွေခိုင်မာနေခြင်းနှင့် နှစ်ကုန်ပိုင်းတွင် အိန္ဒိယ၏ ဆန်ပို့ကုန်ဆိုင်ရာ ကန့်သတ်ချက်များကို ပယ်ဖျက်နိုင်ခြင်း စသည့် ယှဉ်ပြိုင်မှုကို ဟန့်ထားနိုင်သော အချက်များကြောင့် လာမည့်နှစ်တွင် ထိုင်းနိုင်ငံ၏ ဆန်ပို့ကုန်သည် တန်ချိန် ၈ သန်းအောက် လျော့နည်းနိုင်ကြောင်း Thai Rice Exporters Association ဂုဏ်ထူးဆောင် ဥက္ကဋ္ဌ Mr. Chookiat Ophaswongse က ပြောကြားခဲ့သည်။

နိုင်ငံမြောက်ပိုင်းနှင့် အရှေ့မြောက်ပိုင်းတို့တွင် ရေကြီးမှုရှိနေသော်လည်း ယခုနှစ် ဆန်ပို့ကုန်အပေါ် သက်ရောက်မှု မရှိပါကြောင်း၊ ထိုင်းနိုင်ငံ၏ နှစ်စဉ် ဆန်ပို့ကုန်မှန်းထားချက် တန်ချိန် ၈ ဒသမ ၂ သန်းထက်ပင် ယခုနှစ် ပို့ကုန်သည် ကျော်လွန်နိုင်သည်ဟု ခန့်မှန်းထားပါကြောင်း၊ ကျန်လများ၌ ၁ လလျှင် ပျမ်းမျှ တန်ချိန် ၆၀၀,၀၀၀ တင်ပို့ပါက တန်ချိန် ၉ သန်းထိပင် ရောက်နိုင်ပါကြောင်း၊ အင်ဒိုနီးရှား ဆန်တင်သွင်းသည့် အေဂျင်စီ Bulog က လစဉ် ဆန်တင်သွင်းမှုကို တန်ချိန် ၄၅၀,၀၀၀ အတွက် တင်ဒါရရှိထားပါကြောင်း၊ ဗီယက်နမ်၊ မြန်မာနှင့် ပါကစ္စတန်နိုင်ငံတို့၏ ဆန်တင်ဒါဈေးနှုန်းသည် ထိုင်းထက်လျော့နည်းသဖြင့် ထိုင်းနိုင်ငံအနေဖြင့် မှန်းထားသည့် တင်ဒါဈေးနှုန်းမရရှိခဲ့ဘဲ ပြိုင်ဘက်နိုင်ငံများထံ အမှာစာများ ပိုမိုသွားစေပါကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။

လာနီညာရာသီဥတုဖြစ်စဉ်ကြောင့် မိုးရေချိန်ရရှိသဖြင့် ဗီယက်နမ်၊ အိန္ဒိယ၊ ပါကစ္စတန်နှင့် မြန်မာတို့၏ ဆန်ထုတ်လုပ်မှု မြင့်တက်လာသဖြင့် ကမ္ဘာ့ဈေးကွက်တွင် ဆန်များပြားနေပါကြောင်း၊ ထို့ပြင် အိန္ဒိယကလည်း ယခုနှစ် စက်တင်ဘာ ၃ လပတ်တွင် ဆန်ဖြူ ပြန်လည်တင်ပို့ခွင့်ပြုသွားရန် အချက်ပြနေပါကြောင်း၊ ဈေးကွက်မျှဝေမှုအတွက် ယှဉ်ပြိုင်ရသလို ကမ္ဘာ့ဆန်ဈေးလည်း ကျဆင်းနိုင်သဖြင့် ထိုင်းပြည်တွင်းဆန်ဈေးလည်း ကျဆင်းနိုင်ကြောင်း အသင်း၏ပြောကြားချက်အရ သိရသည်။

အမေရိကန် စိုက်ပျိုးရေးဦးစီးဌာနက ၂၀၂၅ ခုနှစ်တွင် အိန္ဒိယသည် ဆန်တင်ပို့မှု တန်ချိန် ၂၀ သန်းထိ ရောက်ရှိနိုင်သဖြင့် ကမ္ဘာ့ဆန်အများဆုံး တင်ပို့သူအဖြစ် ရပ်တည်နိုင်သေးပြီး ထိုင်းသည် တန်ချိန် ၇ ဒသမ ၅ သန်း၊ ဗီယက်နမ်သည် တန်ချိန် ၇ ဒသမ ၅ သန်းနှင့် ပါကစ္စတန်သည် တန်ချိန် ၅ ဒသမ ၆ သန်း အသီးသီး ဖြစ်နိုင်ကြောင်း၊ ၂၀၂၅ ခုနှစ်တွင် အိန္ဒိယက ဆန်ပို့ကုန်ဆိုင်ရာ ပြန်လည်ပြင်ဆင်ချက်ဖြင့် ထိပ်ဆုံးနေရာသို့ ရောက်ရှိနိုင်သလို ဘတ်ငွေခိုင်မာမှုသည် ထိုင်းဆန်ပို့ကုန်ကို တန်ချိန် ၇ သန်းမှ ၇ ဒသမ ၅ သန်းထိ ကျဆင်းစေနိုင်ကြောင်း အသင်းက သတိပေးပြောကြားထားသည်။

ပြည်တွင်းဆန်ဈေးကွက်ကို မြှင့်တင်ရန်နှင့် ဆန်နှင့် ဆန်ထုတ်ကုန်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စပ်လျဉ်းသည့် ထိုင်းနိုင်ငံ၏ မူဝါဒများအပေါ် ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများ၏ ယုံကြည်မှုတိုးမြှင့်စေရန် ရည်ရွယ်၍ "Thai Rice Networking Forum 2024" ကို ကျင်းပခဲ့ပါကြောင်း၊ ထိုင်းဆန်ပို့ကုန်သည် ကောင်းသည့် လက္ခဏာပြသနေပါကြောင်း၊ ၂၀၂၄ ခုနှစ် ပထမ ၇ လအတွင်း

ထိုင်းနိုင်ငံသည် ဆန်တန်ချိန် ၅ ဒသမ ၆၈ သန်း တင်ပို့ခဲ့ပြီးဖြစ်သဖြင့် ၂၂ ရာခိုင်နှုန်း မြင့်တက်ခဲ့ခြင်းဖြစ်ရာ ဝင်ငွေသည်လည်း ဘတ် ၁၃၂ ဘီလီယံရရှိခဲ့ပါကြောင်း၊ ယင်းတိုးတက်ခဲ့မှုသည် ဆန်တင်သွင်းသူများက စားသုံးမှုနှင့် ရိက္ခာဖူလုံမှုရှာဖွေကြခြင်းနှင့် အိန္ဒိယ၏ ပို့ကုန်ကန့်သတ်ချက်ရှိနေဆဲဖြစ်သောကြောင့် ဖြစ်ကြောင်း သိရသည်။

**Source:** www.bangkokpost.com

**သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့။**

https://myantrade.gov.mm/

## အိန္ဒိယအစိုးရက ဘာစမာတီမဟုတ်သော ဆန်အား ပြည်ပသို့ တင်ပို့ရောင်းချမှုတားမြစ်ချက်ကို ရုတ်သိမ်းရန် စဉ်းစားလျက်ရှိ

ဘာစမာတီမဟုတ်သော ဆန်မျိုးကွဲအချို့အား တင်ပို့ရောင်းချမှု တားမြစ်ချက်ကို အစိုးရက ရုတ်သိမ်းရန် စဉ်းစားနေကြောင်း အစားအစာနှင့် ဖြန့်ဖြူးရေးဌာန၊ အတွင်းဝန်ဖြစ်သူ Sanjeev Chopra က ဗုဒ္ဓဟူးနေ့တွင် ပြောကြား ခဲ့ကြောင်း သိရသည်။

Chopra က ဈေးကွက်အတွင်း ဆန်လိုအပ်ချက်နှင့် သိုလှောင်ထားရှိနိုင်မှုအခြေအနေများ အပေါ်တွင်မူတည်၍ သင့်လျော်သည့်အစီအစဉ်များကို ချမှတ်ဆောင်ရွက်သွားမည်ဟု သတင်းထောက်များအား ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရသည် ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိစေရေးအတွက်ဘာစမာတီမဟုတ်သောဆန်ဖြူတင်ပို့မှုအား ၂၀၂၃ခုနှစ်၊ ဇူလိုင်လ ၂၀ ရက်မှစတင်၍ တားမြစ်ခဲ့သည့်အပြင် ပေါင်းဆန်အပေါ် ပို့ကုန်ခွန် ၂၀ ရာခိုင်နှုန်းကိုလည်း ရက်အကန့်အသတ် မရှိ တိုးမြှင့်ထားသည်။

အစားအစာနှင့် ဖြန့်ဖြူးရေးဌာနအတွင်းဝန်က အစိုးရသိုလှောင်ရုံများတွင် ဆန်အလုံလောက် သိုလှောင်ထားရှိကြောင်းနှင့် လက်လီဈေးနှုန်းများကို ထိန်းချုပ်ထားနိုင်ကြောင်း ပြောကြားထားသည်။

အိန္ဒိယနိုင်ငံသည် လက်ရှိတွင် ကမ္ဘာ့ဆန်ဈေးကွက်၌ အများဆုံးတင်ပို့ရောင်းချသူဖြစ်ပြီး ၎င်း၏ ဘာစမာတီမဟုတ်သည့် ဆန်ဖြူအမျိုးအစားများအား တင်ပို့မှုကန့်သတ်ခြင်း၊ ဖြေလျှော့ပေးခြင်းများသည် ကမ္ဘာ့ဆန်ဈေးကွက်ကို သက်ရောက်မှုများ ရှိနိုင်သဖြင့် လေ့လာစောင့်ကြည့်သင့်ပါကြောင်း သိရပါသည်။

**Source: Govt mulling lifting ban on non-basmati rice export: Food Secretary, The Economic Times, 18 September 2024.**

**စီးပွားရေးသံမှူး၊ နယူးဒေလီမြို့**

https://myantrade.gov.mm/

## အိန္ဒိယက ကမ္ဘာ့တတိယမြောက် စီးပွားရေးအင်အားကြီး နိုင်ငံဖြစ်လာမည့် လမ်းကြောင်းပေါ်တွင် ရောက်ရှိနေ

အိန္ဒိယနိုင်ငံသည် ၂၀၃၁ ခုနှစ်အရောက်တွင် ကမ္ဘာ့တတိယမြောက် စီးပွားရေးအင်အားကြီးနိုင်ငံ ဖြစ်လာမည့် လမ်းကြောင်းပေါ်တွင် ရောက်ရှိ နေကြောင်း S&P Global ၏ သုံးသပ်ချက်တွင် ဖော်ပြထားသည်။

လက်ရှိအိန္ဒိယနိုင်ငံသည် အမေရိကန်၊ တရုတ်၊ ဂျပန်နှင့် ဂျာမနီနိုင်ငံ တို့ပြီးနောက် ကမ္ဘာ့ပဉ္စမမြောက်စီးပွားရေး အင်အားကြီး နိုင်ငံအဖြစ်ရပ်တည် နေသည်။

ယခုဆယ်စုနှစ်အကုန်တွင် အိန္ဒိယနိုင်ငံသည် အမေရိကန်ဒေါ်လာ ၁၀ ထရီလီယံ ဝင်ငွေရှိသည့် နိုင်ငံအဖြစ်ဆီသို့ ရောက်ရှိတော့မည်ဖြစ်ကြောင်း သုံးသပ်ချက်တွင် ဖော်ပြထားသည်ကို တွေ့ရသည်။

အိန္ဒိယနိုင်ငံ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွက် ဂျီဒီပီသည် ၈ ဒသမ ၂ ရာခိုင်နှုန်းတိုးတက်လာကြောင်း အစိုးရ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။ ပြီးခဲ့သည့် ဘဏ္ဍာနှစ်တွင်မူ ဂျီဒီပီတိုးတက်မှုက ၇ ဒသမ ၂ ရာခိုင်နှုန်းရှိသည့်အတွက် အိန္ဒိယနိုင်ငံ သည် ကမ္ဘာပေါ်တွင် ဂျီဒီပီတိုးတက်မှု အမြန်ဆုံးနိုင်ငံဖြစ်လာသည်။

ယခုလအစောပိုင်းတွင် ကမ္ဘာ့ဘဏ်ကလည်း အိန္ဒိယနိုင်ငံ၏ လက်ရှိဘဏ္ဍာနှစ်အတွက် ဂျီဒီပီတိုးတက်မှုကို မူလက ၆ ဒသမ ၆ ရာခိုင်နှုန်းသာ ခန့်မှန်းထားရာမှ ၇ ရာခိုင်နှုန်းသို့ တိုးမြှင့်ခန့်မှန်းထားသည်ကို တွေ့ရသည်။

ပြီးခဲ့သည့်လတွင် အိန္ဒိယနိုင်ငံသည် ရုရှား၊ အလယ်အာရှ၊ ဥရောပတို့အပါအဝင် ကမ္ဘာ့ကုန်သွယ်ရေး ကွန်ရက်နှင့် ချိတ်ဆက်နိုင်စေမည့် ဆိပ်ကမ်းကြီးတစ်ခုကို နိုင်ငံအနောက်ပိုင်း ကမ်းရိုးတန်း၌ တည်ဆောက် ခွင့်ပြုထားကြောင်း သိရသည်။

**Source :** https://myawady.net.mm/

## STOCK EXCHANGE (23.9.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 20th Sep. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,619 (Shares) | 17,981,900 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,800 | 8,900 | 8,800 | 396 | 3,488,300 | 33,109,694 | 294,676 |
| MTSH | 00002 | 3,400 | -100 | -2.86% | 3,500 | 3,500 | 3,400 | 2,522 | 8,584,900 | 38,929,150 | 132,359 |
| MCB | 00003 | 8,700 | -200 | -2.25% | 8,700 | 8,700 | 8,700 | 278 | 2,418,600 | 10,400,986 | 90,489 |
| FPB | 00004 | 1,800 | -50 | -2.70% | 1,800 | 1,800 | 1,800 | 120 | 216,000 | 29,664,613 | 53,396 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 0 | 0 | 12,823,224 | 35,905 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,750 | 1,750 | 1,700 | 703 | 1,204,100 | 19,977,223 | 34,960 |
| AMATA | 00007 | 4,500 | +0 | +0.00% | 4,500 | 4,500 | 4,500 | 0 | 0 | 10,497,598 | 47,239 |
| MAEX | 00008 | 3,450 | +50 | +1.47% | 3,450 | 3,450 | 3,450 | 600 | 2,070,000 | 23,804,946 | 82,127 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 20th Sep. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 408.84 | -2.79 | -0.68% | 410.41 | 410.41 | 405.93 | 4,619 | 17,981,900 | 8 | 771,151 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

## Main Board

As of 12:00 pm, 23rd Sep, 2024

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 40,353 (Shares) | 76,996,700 (MMK) |

| MYANPIX | 409.80 |
|---|---|
| | ▲ 0.96 |
| Total Volume (shares) | 40,353 |
| Total Value (MMK) | 77 mil |
| Listed Company | 8 |
| Market Cap. (MMK) | 772,952 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,800 | ▼ 100 |
| MTSH | 00002 | 3,450 | ▲ 50 |
| MCB | 00003 | 8,800 | ▲ 100 |
| FPB | 00004 | 1,850 | ▲ 50 |
| TMH | 00005 | 2,850 | ▲ 50 |
| EFR | 00006 | 1,750 | ▲ 0 |
| AMATA | 00007 | 4,500 | ▲ 0 |
| MAEX | 00008 | 3,450 | ▲ 0 |

TIR

TIR